


# Child Safety Policy

## (v2019-08-01a)

**1. Statement** 1

**2. Summary (အကျဉ်းချုပ်)** 2

2.1. Possible signs of child abuse or neglect
ကလေး အကြမ်းဖက်ခံရမှု သို့ လျစ်လျူရှုခံထားရမှု ကြောင့်ဖြစ်ပေါ်လာနိုင်သောလက္ခဏာများ 2

2.2. Staff Code of Behaviour အပြုအမူနှင့်ပက်သက်၍သင်လိုက်နာရမည့်အချက်များ 3

---

# 1. Statement

1. Myanmar Vision Schools are committed to the care, safety and protection of all students and has a zero tolerance towards child abuse.
   ကျွန်ုပ်တို့ Myanmar Vision ကျောင်းသည် ကျောင်းသူကျောင်းသား အားလုံးကို ပြုစုစောင့်ရှောက်ရန် နှင့် ဘေးကင်းလုံခြုံအကာအကွယ်ပေးရန်အလေးထားဆောင်ရွက်လျက်ရှိပြီး ကလေးများအကြမ်းဖက်ခံရခြင်းကို မည်သည့်အကြောင်းကြောင့်မှ သည်းခံမည်မဟုတ်ပါ။
2. The school is committed to regular training and education of our staff and volunteers on child abuse risks.
   ကလေးများ အကြမ်းဖက်ခံရခြင်းနှင့် အခြားအန္တရာယ်များအကြောင်းကို ကျောင်းမှဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများအား ကျောင်း၏ ပုံမှန် ဝန်ထမ်းဖွံ့ဖြိုးရေးသင်တန်းတွင် အလေးထားသင်ကြားလျက်ရှိ ပါသည်။
3. All allegations and safety concerns will be treated seriously and in line with the School's policies and procedures.
   စွပ်စွဲချက်များနှင့် ဘေးကင်းလုံခြုံရေးနှင့် ဆိုင်သော စိုးရိမ်ပူပန်မှုများကို ကျောင်း၏မူဝါဒနှင့်အညီ ထိရောက်စွာ အရေးယူမည်ဖြစ်သည်။

4. All members of the school community must adhere to our Child Protection Program and Policies.
ကျောင်းအဖွဲ့အစည်း အတွင်းရှိ ဝန်ထမ်းများအားလုံး ကလေးသူငယ်ကာကွယ်ရေး အစီအစဉ်နှင့် မူဝါဒများကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။

# 2. Summary (အကျဉ်းချုပ်)

## 2.1. Possible signs of child abuse or neglect

ကလေး အကြမ်းဖက်ခံရမှု သို့ လျစ်လျူရှုခံရမှု ကြောင့်ဖြစ်ပေါ်လာနိုင်သောလက္ခဏာများ

1. If you have any concerns about a child's safety, please report your concern to our leadership team immediately.
ကလေးငယ် ဘေးကင်းလုံခြုံရေးနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုရှိပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့သို့ အကြောင်းကြားရမည်ဖြစ်ပါသည်။
2. At all times staff should treat these issues with strict confidence.
ယင်းကိစ္စနှင့် ဆက်စပ်သော ကိစ္စရပ်များကို ကိုင်တွယ်ရာတွင် တိကျသော လျှို့ဝှက်ကိစ္စအဖြစ် အမြဲကိုင်တွယ်သင့်သည်။
3. The following are possible signs that the child is an unsafe situation. Please report if the child is:
အောက်ပါအချက်များမှာ ကလေးဘေးကင်းလုံခြုံမှုမရှိသောအခြေအနေတွင် တွေ့ရသည့် ဖြစ်နိုင်သည့် လက္ခဏာများ ဖြစ်သည်။
အောက်ပါအချက်များတွေ့ရှိပါက သက်ဆိုင်ရာတာဝန်ရှိသူထံသို့ အကြောင်းကြားရမည်ဖြစ်သည်။
    3.1. Frequently dirty, hungry or inadequately dressed
    အမြဲလိုလို ညစ်ပတ်ပေရေနေတတ်ပြီး ဆာလောင်နေတတ်သော လုံခြုံမှုမရှိသောအဝတ်များ ဝတ်ဆင်ထားခြင်း။
    3.2. Left in unsafe situations or without medical attention
    ဆေးဝါးကုသမှု ခံယူရန် လိုအပ်သည့် အခြေအနေမျိုးတွင် အာရုံစိုက်မှုခံရခြင်းမရှိဘဲ မလုံခြုံသည့်နေရာတွင်ပစ်ထားခံရခြင်း။
    3.3. Constantly "put down", insulted, sworn at or humiliated
    ကလေးအား ဆဲရေးခြင်း ၊ ကျိန်ဆဲခြင်း ၊ သိမ်ငယ်စေရန် နှိမ့်ချဆက်ဆံခြင်းအစဉ်ခံရခြင်း။
    3.4. Seems afraid of parents or carers
    အုပ်ထိန်းသူများကို ကလေးက လိုသည်ထက် ပို၍ကြောက်ရွံ့နေတတ်ခြင်း။
    3.5. Severely bruised or injured
    ပြင်းထန်သောထိခိုက် ဒဏ်ရာများရရှိခြင်း။
    3.6. Displays sexual behaviour which is not appropriate for their age
    ကလေးအသက်အရွယ်နှင့် မကိုက်ညီသော လိင်ပိုင်းဆိုင်ရာအပြုအမူများကို ပြုလုပ်ခြင်း။
    3.7. Growing up in a home where there is domestic violence
    အိမ်တွင်း အကြမ်းဖက်မှုများရှိသော မိသားစုတွင် ကြီးပြင်းရခြင်း။
    3.8. Living with parents or carers involved in serious drug or alcohol abuse.
    မူးယစ်ဆေးဝါး / အရက်သုံးစွဲသော မိဘများ ၊ အုပ်ထိန်းသူများနှင့် နေရခြင်း။
4. Remember, this list does not cover every possibility. You may have seen other things in the child's behaviour or circumstances that worry you.
ဤအချက်များသည် ဖြစ်နိုင်ခြေအားလုံးကို ဖော်ပြထားခြင်း မဟုတ်ပါ။ သင့်ကိုစိတ်ပူပင်စေသော ကလေး၏ အခြားအပြုအမူများနှင့် အခြေအနေများကိုလည်း သင်တွေ့ကောင်းတွေ့ဖူးလိမ့်မည်။

## 2.2. Staff Code of Behaviour

အပြုအမူနှင့်ပတ်သက်၍ဝန်ထမ်းများ လိုက်နာရမည့်စည်းကမ်းချက်များ

1. **Things you must do:**
    - 1.1. Treat all children and young people with respect
      ကလေးငယ်များအားလုံး နှင့် လူငယ်များအား လေးစားစွာ ဆက်ဆံရမည်။
    - 1.2. Provide an example of good conduct; one you would wish others to follow
      အခြားသူများ လိုက်နာလုပ်ဆောင်နိုင်ရန် ကောင်းသောအပြုအမူများကို ရှေ့ဆောင်လမ်းပြရမည်။
    - 1.3. Ensure that, whenever possible, there is more than one adult present during activities with children and young people, or you are in sight or hearing of others
      ကလေးငယ်များနှင့်ဖြစ်စေ ၊ လူငယ်များနှင့်ဖြစ်စေ အစီအစဉ်လုပ်ဆောင်သောအခါ လူကြီးတစ်ယောက်မက အချိန်တိုင်းရှိနေပြီးဖြစ်နိုင်လျှင် သင့်အားအခြားသူမှ ကြားနိုင် မြင်နိုင် သောနေရာတွင် ရှိစေပါ။
    - 1.4. Respect a young person's right to personal privacy
      ငယ်ရွယ်သူတစ်ယောက်၏ ကိုယ်ရေး ကိုယ်တာနှင့် သူ့အခွင့်အရေးကို လေးစားမှုရှိရမည်။
    - 1.5. Encourage both young and old to point out attitudes or behaviour they do not like
      လူကြီးလူငယ်များအား ၎င်းတို့မနှစ်သက်သည့် အပြုအမူများကိုတွေ့ကြုံပါက မနှစ်သက်ကြောင်းကို ပြောပြနိုင်အောင် အားပေးတိုက်တွန်းရမည်။
    - 1.6. Remember that someone else might misinterpret your actions, no matter how well-intended
      မည်သို့ပင် ကောင်းသော ရည်ရွယ်ချက်ဖြင့် ပြုမူသော်လည်း တစ်စုံတစ်ယောက်က သင်၏အပြုအမူများကို အထင်လွဲနိုင်ကြောင်းသတိပြုပါ။
    - 1.7. Recognise that special caution is required when you are discussing sensitive issues with children or young people
      ငယ်ရွယ်သော လူငယ်များနှင့် သတိထားကိုင်တွယ်ရသည့် ကိစ္စရပ်များဆွေးနွေးပြောဆိုသောအခါ သင်အထူး သတိထားရမည်ကို သတိပြုပါ။
    - 1.8. Challenge unacceptable behaviour and report all allegations/suspicions of abuse.
      လက်မခံနိုင်လောက်သည့် အပြုအမူများကိုတွေ့ရှိပါက ငြိမ်မနေဘဲ အကြမ်းဖက်ခံရသည်ဟု ထင်မြင်မှုနှင့် စွပ်စွဲမှုများကို ထုတ်ဖော်ပြောဆိုပါ။
    - 1.9. Operate within our school principles, guidance and the Safeguarding Children Policy
      ကျောင်းအုပ် ၊ အုပ်ထိန်းသူများ နှင့် ဆက်သွယ်၍ ကလေးသူငယ်ကာကွယ်ရေး လမ်းညွှန်ချက်များနှင့် အညီဆောင်ရွက်ရမည်ဖြစ်သည်။
    - 1.10. Have the attitude of "It could happen here"
      ဤနေရာတွင်လည်းဖြစ်နိုင်သည် ဟူသောစိတ်ကိုထား ရှိရမည်ဖြစ်သည်။

2. **Things you must not do: သင်မလုပ်ရမည့်အရာများမှာ**
    - 2.1. Have inappropriate physical or verbal contact with children
      ကလေးများ၏ မသင့်တော်သော ခန္ဓာကိုယ်အစိတ်အပိုင်းဆိုင်ရာ ထိတွေ့ကိုင်တွယ်ခြင်း၊ စကားလုံးများအသုံးပြုခြင်း။

2.2. Allow yourself to be drawn into inappropriate attention-seeking behaviour

ကလေးမှ မသင့်တော်သော အပြုအမူများ လုပ်ဆောင်ပါက လူကြီးမှအာရုံစိုက် လိုက်လျောပေးခြင်း။

2.3. Make suggestive or derogatory remarks or gestures in front of children

အနှောင့်အသွားမလွတ်သော ၊ ယုတ်ညံ့ရိုင်းစိုင်းသော အမူအရာများကိုကလေးရှေ့တွင် လုပ်ဆောင်ခြင်း။

2.4. Jump to conclusions about others without checking the facts

အကြောင်းအရာများကို စစ်ဆေးခြင်းမရှိဘဲ သူတစ်ပါးအား ကောက်ချက်ချခြင်း။

2.5. Exaggerate or trivialise child abuse issues

ကလေးအကြမ်းဖက်နှိပ်စက်ခံရမှုများကို ချဲ့ကား ပြောဆိုခြင်း (သို့မဟုတ်) အလေးမထားခြင်း။

2.6. Show favouritism to any individual

တစ်စုံတစ်ဦးကို ဘက်လိုက်မှုပြုခြင်း။